## လက်ထပ်ထိမ်းမြားခြင်းတွင် ချစ်ခင်မှုနှင့် သက်ညှာမှု

တမန်တော်မုဟမ္မဒ်ဟာ အမျိုးသားများကို မိမိတို့ရဲ့ ဇနီးများအပေါ် ကောင်းမွန်စွာ ဆက်ဆံဖို့ တိုက်တွန်းခဲ့ပါတယ်။ **"အသင်တို့ထဲမှ အကောင်းဆုံးသူဟာ မိမိရဲ့ဇနီးအပေါ် အကောင်းဆုံးသူ ဖြစ်တယ်"**

တစ်ဦးတစ်ယောက်က တမန်တော်မုဟမ္မဒ်ရဲ့ ကြင်ယာတော် အာအေရှာဟ် သခင်မကို တမန်တော်မြတ်ဟာ အိမ်မှာ ဘယ်လိုနေထိုင်ပြုမူသလဲလို့ မေးမြန်းတဲ့အခါ သူမကပြောပြခဲ့ပါတယ်။ "တမန်တော်မြတ်ဟာ အိမ်မှာ သင်တို့လိုပဲ ပြုမူနေထိုင်ပါတယ်။ သူဟာ အိမ်သူအိမ်သားတွေအပေါ် အသက်ညှာဆုံးသူ၊ အရက်ရောဆုံးသူဖြစ်ပါတယ်။ ကြင်ယာတော်တွေကိုလည်း အိမ်ရဲ့ပုံမှန်လုပ်ငန်းတွေမှာ အမြဲကူညီတော်မူလေ့ရှိတယ်။ သူဟာ သူ့ရဲ့ အဝတ်အထည်တွေကို ကိုယ်တိုင်ချုပ်လေ့ရှိပြီး သူ့ရဲ့ဖိနပ်တွေကိုလည်း ကိုယ်တိုင် ပြင်လေ့ရှိပါတယ်။" ယေဘုယျအားဖြင့် သူ့ရဲ့ကြင်ယာတော်တွေရဲ့ လုပ်ငန်းမှန်သမျှမှာ ကူညီပေးတော်မူခဲ့ပါတယ်။

## မိခင်နှင့် သမီးများ၏ အလွန်မြင့်မြတ်သော အဆင့်အတန်း

မိခင်ရဲ့ချစ်ခြင်းမေတ္တာနဲ့ ဂရုစိုက်မှုဟာ ကလေးအပေါ်(အထူးသဖြင့် ကလေးငယ်ရွယ်စဉ်) မှာကြီးမားတဲ့ လွှမ်းမိုးမှုရှိပါတယ်။ အသိုင်းအဝိုင်းတစ်ခုရဲ့ အောင်မြင်မှုဟာ မိခင်တွေကြောင့်ဆိုတာ သံသယဖြစ်ဖွယ်မရှိပါဘူး။ ဒါကြောင့် အစ္စလာမ်မှာ သူတို့ရဲ့ ဂုဏ်သိက္ခာနဲ့ အဆင့်အတန်းကို မြင့်တင်ကြဖို့ ပြဋ္ဌာန်းထားပါတယ်။

ကုရ်အာန်ကျမ်းမြတ်မှာ အလ္လာဟ်အရှင်မြတ်က ဤသို့ မိန့်တော်မူထားပါတယ်။

> *"ငါအရှင်သည် လူသားအား မိဘနှစ်ပါးကို ကောင်းစွာပြုစုဆက်ဆံရန် လေးနက်စွာ အမိန့်ပေးတော်မူခဲ့သည်။ သူ၏မိခင်သည် သူ့အား ဆင်းရဲဒုက္ခကြီးစွာ ကိုယ်ဝန်ဆောင်ခဲ့ရသည်။ ထို့ပြင် ဆင်းရဲဒုက္ခကြီးစွာပင် သူ့အား မွေးဖွားခဲ့ရသည်။"*
> *(ကုရ်အာန် ၄၆:၁၅)*

တမန်တော် မုဟမ္မဒ်ကို တစ်စုံတစ်ဦးက **"အို အလ္လာဟ့်တမန်တော်၊ လူတွေထဲမှာ ဘယ်သူဟာ အကောင်းဆုံးဆက်ဆံဖို့ အထိုက်တန်ဆုံးလဲ?"** လို့ မေးမြန်းခဲ့တဲ့အခါ တမန်တော်မြတ်က **"အသင့်ရဲ့မိခင်"** လို့ ဖြေကြားတော်မူခဲ့ပါတယ်။ အဲ့ဒီနောက် ထိုသူက **"နောက်ရောဘယ်သူလဲ?"** လို့ နှစ်ကြိမ်ဆက်တိုက်မေးခဲ့ရာ တမန်တော်မြတ်က တူညီတဲ့အဖြေကိုပဲ ပေးတော်မူခဲ့ပါတယ်။ လေးကြိမ်မြောက်မေးမြန်းတဲ့ အခါမှသာ တမန်တော်မြတ်က **"အဲ့ဒီနောက်အသင့်ရဲ့ဖခင်"** လို့ ဖြေကြားတော်မူခဲ့ပါတယ်။

မိခင်ကို ကောင်းမွန်ကြင်နာစွာ ဆက်ဆံခြင်းဖြင့် အကျိုးကျေးဇူးများရရှိမှာ ဖြစ်ပါတယ်။ ဒါတင်မကသေးပဲ အစ္စလာမ်မှာ သမီးမိန်းကလေးတွေကို ပြုစုပျိုးထောင်သူတွေအတွက် သားယောကျ်ားလေးကို ပြုစုပျိုးထောင်သူတွေမရနိုင်တဲ့ အထူးသတ်မှတ်ထားတဲ့ ကုသိုလ်အကျိုးတွေရှိနေပါသေးတယ်။

တမန်တော် မုဟမ္မဒ်က မိန့်တော်မူခဲ့ပါတယ် **"အကြင်သူဟာ သမီးမိန်းကလေးနှစ်ယောက်ချီးမြှင့်ခံရပြီး ထိုသူဟာ သူတို့အပေါ် ကြင်နာစွာ ပြုစုဆက်ဆံခဲ့မယ်ဆိုရင် အကြင်သမီးနှစ်ယောက်ဟာ ထိုသူအတွက် ကောင်းကင်ဘုံကို ဝင်ရောက်ရမယ့် အကြောင်းခံ ဖြစ်လိမ့်မယ်"**။

## နိဂုံး

အစ္စလာမ်မတိုင်မီ အမှောင်ခေတ်က အမျိုးသမီးတွေကို ရှက်ဖွယ်အဖြစ် သတ်မှတ်ခဲ့ကြတယ်။ သမီးမိန်းကလေးတွေကို အရှင်လတ်လတ် မြေမြှုပ်ခဲ့ကြတယ်။ ပြည့်တန်ဆာတွေ အလွန်ပေါများခဲ့တယ်။ ကွာရှင်းခြင်းဟာ ခင်ပွန်းရဲ့ လက်ထဲမှာပဲရှိတယ်။ အမွေဆိုတာ ယောကျ်ားတွေအတွက်ပဲ ဖြစ်ခဲ့တယ်။ အမျိုးသမီးတွေကို ဖိနှိပ်ချုပ်ချယ်မှုဟာ နေရာတကာမှာ ပျံ့နှံ့နေခဲ့ပါတယ်။ အစ္စလာမ်ရောက်လာပြီးတဲ့နောက် အဲ့ဒီ ဓလေ့ထုံးစံတွေကို ဖျက်သိမ်းပြစ်ခဲ့ပါတယ်။ ယနေ့တိုင်၊ တိုးတက်ပြီးနိုင်ငံတွေမှာ အမျိုးသမီးတွေကို လေးစားမှု၊ ဂုဏ်ပေးမှု မရှိပါဘူး။ အစ္စလာမ်မှာတော့ အမျိုးသမီးတွေကို တန်ဖိုးထားပြီး မလေးမစားမပြုဖို့၊ သိက္ခာမချဖို့ သင်ပြထားပါတယ်။ အချို့သော အရှေ့အလယ်ပိုင်းနိုင်ငံတွေနဲ့ မွတ်စလင်မ်မိသားစုတွေမှာ အမျိုးသမီးတွေကို မှားယွင်းစွာ ဆက်ဆံနေကြတာဟာ အချို့မွတ်စလင်မ်တွေရဲ့ မှားယွင်းတဲ့ ရိုးရာဓလေ့တွေကို လိုက်နာမှုကြောင့်သာဖြစ်ပါတယ်။ အစ္စလာမ်သာသနာကြောင့် မဟုတ်ပါဘူး။ အကယ်၍ အစ္စလာမ်ကသာ ဖိနှိပ်ချုပ်ချယ်တဲ့ သာသနာ ဖြစ်နေမယ်ဆိုရင် ကမ္ဘာနဲ့အဝှမ်းက အမျိုးသမီးတွေ အစ္စလာမ်ထဲကို ဘာကြောင့် လိုလိုလားလား ဝင်ရောက်နေကြပါအုံးမလဲ?

ကျွန်ုပ်တို့၊ အသင်တို့ရဲ့ အရှင်သခင်၊ အမျိုးသား၊ အမျိုးသမီးအားလုံးရဲ့ ဖန်ဆင်းရှင်၊ ကျွေးမွေးစောင့်ရှောက်ထားတော်မူသောအရှင်ရဲ့ အမိန့်တော်နဲ့ ကျွန်တော်တို့ အဆုံးသတ်လိုက်ပါမယ်။

*"ကေန်စင်စစ် အမိန့်နာခံသူ အမျိုးသား အမျိုးသမီးများ ၊ သက်ဝင်ယုံကြည်သူ အမျိုးသား အမျိုးသမီးများ ၊ အလ္လာဟ်အတွက်ရိုကျိုးသူ အမျိုးသား အမျိုးသမီးများ ၊ မှန်ကန်သူ အမျိုးသား အမျိုးသမီးများ ၊ သည်းခံသူ အမျိုးသား အမျိုးသမီးများ ၊ ကျိုးနွံသူ အမျိုးသား အမျိုးသမီးများ ၊ အလှူဒါနပြုသူ အမျိုးသား အမျိုးသမီးများ ၊ ဥပုသ်စောင့်သူ အမျိုးသား အမျိုးသမီးများ ၊ မိမိတို့၏အရှက်အင်္ဂါများကို ထိန်းသိမ်းကြသော အမျိုးသား အမျိုးသမီးများ၊ အလ္လာဟ်ကို များစွာ တသ သတိရသူ အမျိုးသား အမျိုးသမီးများ၊ ယင်းသူတို့ အားလုံးအတွက် အလ္လာဟ်သည် ခွင့်လွှတ်ချမ်းသာမှုနှင့် ကြီးကျယ်သော အကျိုးကျေးဇူး စီစဉ်ထားတော်မူသည်။"*

*(ကုရ်အာန် ၃၃:၃၅)*

**For More Information & Further Pamphlets in this Series**

**p** (+61) 3 9309-1515 **w** islamicpamphlets.com **e** shareislam@gmail.com

**Donation Details** *(Every $1 AUD donated produces 15 pamphlets)*

**Bank Name** Commonwealth Bank **BSB** 063620 **Account** 10532332
**Account** Pamphlet Project Australia **Swift (international)** CTBAAU2S



# အစ္စလာမ် နှင့် အမျိုးသမီး အခွင့်အရေး

### လေးစားမှု ဂုဏ်ပေးမှုနှင့် မြတ်နိုးတန်ဖိုးထားမှု

အခြေခံ အချက်များကိုလေ့လာခြင်း

islamicpamphlets.com

အစ္စလာမ်အမျိုးသမီးတွေဟာ အနိုင်ကျင့်ခံရတယ်၊ နှိမ့်ချခံရတယ်၊ ဖိနှိပ်ခံရတယ် လို့ ထင်နေကြတယ်။ ဒါတွေဟာ တကယ် ဟုတ်ရဲ့လား? မီလီယံနဲ့ချီတဲ့ မုစ္စလင်မ်တွေအားလုံးဟာ ဒီလောက်တောင် ဖိနှိပ်တတ်ကြတာလား? ဒါမှမဟုတ် ဒီအချက်တွေက ဘက်လိုက်တဲ့ မီဒီယာတွေရဲ့ လုပ်ကြံဇာတ်လမ်း သပ်သပ်ပဲလား ?

ယနေ့ အနောက်တိုင်းအမျိုးသမီးတွေမကြာသေးမီကမှ ရရှိခံစားခဲ့ရတဲ့ အမျိုးသမီးအခွင့်အရေးတွေကို အစလွန်ခဲ့တဲ့ နှစ်ပေါင်း ၁၄၀၀ ကျော်ကတည်းက အစ္စလာမ်က ပေးထားပြီးဖြစ်ပါတယ်။ ၁၉၃၀ခုနှစ်မှာ အန်နီ ဘီဆန့်က **“လွန်ခဲ့တဲ့ နှစ် ၂၀ ကမှ ခရစ်ယာန်ဘာသာလွှမ်းမိုးတဲ့ အင်္ဂလန်နိုင်ငံမှာ အမျိုးသမီးတွေရဲ့ ရပိုင်ခွင့်ကို အသိအမှတ်ပြုခဲ့တာပါ။ အစ္စလာမ်မှာ ဒီအခွင့်အရေးကို ဟိုးအစကတည်းက ရှိခဲ့ပြီးသားဖြစ်ပါတယ်။ အစ္စလာမ်က အမျိုးသမီးတွေမှာ စိတ်ခံစားမှုမရှိဘူး ကြွေးကြော်ထားတယ်လို့ ပြောဆိုတာဟာ လုပ်ကြံအသရေဖျက်မှု သက်သက်ပဲ ဖြစ်တယ်”** လို့ဆိုခဲ့ပါတယ်။ (The Life and Teaching of Mohammed, 1932)

အမျိုးသား၊ အမျိုးသမီး အားလုံးဟာ ကမ္ဘာဦးဖခင်ကြီး တမန်တော်အာဒမ် ဆိုတဲ့ လူသားတစ်ယောက်ထဲမှ ဆင်းသက်လာတာဖြစ်ပါတယ်။ အစ္စလာမ်သာသနာမှာ တရားမျှတမှုနဲ့ ကြင်နာစွာ ဆက်ဆံမှုကလွဲပြီး သူတို့ပြောတဲ့ အခြားစွပ်စွဲမှုများကို လက်မခံပါဘူး။

## တူညီသောအကျိုးခံစားခွင့်နဲ့ တူညီသောတာဝန်ရှိမှု

ဖန်ဆင်းရှင်ကို ကိုးကွယ်တဲ့ နေရာမှာလည်း အမျိုးသားနဲ့ အမျိုးသမီးဟာ အတူတူပဲ ဖြစ်ပါတယ်။ တူညီတဲ့ ဖန်ဆင်းရှင် တစ်ပါးတည်းကိုသာကိုးကွယ်၊ တူညီတဲ့ခဝပ်ဆည်းကပ်မှုများပြုလုပ်ရပြီး တူညီတဲ့ ကျမ်းစာတွေကိုလိုက်နာ၊ တူညီတဲ့ ယုံကြည်မှုတွေ ထားရှိရတာ ဖြစ်ပါတယ်။ အလ္လာဟ် (အဖန်ဆင်းခံများအားလုံးရဲ့ တစ်ပါးတည်းသော စစ်မှန်သည့် ဘုရားသခင်ဖန်ဆင်းရှင် ၏ အရဗီစကားလုံး) အရှင်မြတ်ဟာ လူသားတွေအားလုံးကို ညီမျှစွာနဲ့ မျှတစွာ စီရင်ဆုံးဖြတ်ပါတယ်။ အလ္လာဟ်အရှင်မြတ်ဟာ အမျိုးသမီးနဲ့ အမျိုးသားကို တန်းတူ တရားမျှတစွာ စီရင်ကြောင်း ကုရ်အာန်ကျမ်းမြတ်ရဲ့ ကျမ်းပိုဒ်များစွာမှာ အလေးအနက် ဖော်ပြထားပါတယ်။

*“အလ္လာဟ်သည် မုအ်မင်န်(သက်ဝင်ယုံကြည်သူအမျိုးသားများ)နှင့် မုအ်မိနဟ်(သက်ဝင်ယုံကြည်သူအမျိုးသမီးများ) အား အောက်ခြေတွင် စမ်းရေချောင်းများစီးဆင်းလျှက်ရှိသော ဂျန္နသ် ဥယျာဉ်တော်များ ရမည့်အကြောင်း ကတိပြုထားတော်မူသည်။ သူတို့သည် ထိုဥယျာဉ်များ၌ အမြဲထာဝရနေထိုင်ရမည့်သူများ ဖြစ်ကြသည်။” (ကုရ်အာန် ၉:၇၂)*

*“ငါအရှင်သည် အသင်တို့အနက် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မည်သည့်ကျင့်ကြံသူ၏ ကျင့်ကြံမှုကိုမျှ အလဟဿ အချည်းနှီး ပြုလုပ်တော်မူမည်မဟုတ်ပေ။” (ကုရ်အာန် ၃:၁၉၅)*

ဒီကျမ်းပိုဒ်တွေမှာ အကျိုးခံစားခွင့်ဟာ လူတစ်ယောက် ယောကျ်ားမိန်းမဖြစ်ခြင်းနဲ့ မသက်ဆိုင်ဘဲ ထိုသူရဲ့ အပြုအမူ လုပ်ဆောင်ချက်တွေနဲ့သာ သက်ဆိုင်ကြောင်း ဖော်ပြနေပါတယ်။ လူတစ်ယောက်ကို အကျိုးကျေးဇူးချီးမြှင့်ခြင်းနဲ့ တရားစီရင်ချမှတ်ခြင်းမှာ ထိုသူ ယောကျ်ားမိန်းမ ဖြစ်ခြင်းကို ထည့်မတွက်ပါဘူး။

အစ္စလာမ်ကို အခြား ဘာသာတရားတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်၊ အမျိုးသမီးတွေနဲ့ အမျိုးသားတွေကြားမှာ တရားမျှတမှုကို ပေးစွမ်းထားတာ တွေ့ရပါတယ်။ ဥပမာအနေနဲ့ ဧဝဟာ တားမြစ်ထားတဲ့ အသီးကို စားမိခဲ့လို့ ပိုပြီးတော့အပြစ်တင်ထိုက်တယ်ဆိုတဲ့ အယူအဆကို အစ္စလာမ်မှာ ငြင်းဆိုထားပါတယ်။ အစ္စလာမ်အရ အာဒမ်နဲ့ ဧဝနှစ်ဦးစလုံးဟာ အပြစ်ကျူးလွန်မိခဲ့ကြတယ်။ သူတို့နှစ်ဦးစလုံးဟာ နောင်တရတောင်းပန်ခဲ့ပြီး အလ္လာဟ်အရှင်မြတ်ကလည်း သူတို့ နှစ်ဦးစလုံးကို ခွင့်လွှတ်တော်မူခဲ့ပါတယ်။

## ပညာရှာဖွေဆည်းပူးရန် တန်းတူအခွင့်အရေးရှိခြင်း

အမျိုးသားများ နှင့်အမျိုးသမီးများ ကို အသိပညာ ဗဟုသုတရှာဖွေဆည်းပူးသင့်ကြောင်း တန်းတူ တိုက်တွန်းထားပါတယ်။ တမန်တော်မုဟမ္မဒ် ကလည်း **“မွတ်စလင်မ်တိုင်းအတွက် ပညာရှာဖွေခြင်းသည် မပြုမနေရတာဝန်တစ်ရပ်ဖြစ်သည်”** ဟု မိန့်ဆိုခဲ့ပါတယ်။

ဒ့ါအပြင်၊ တမန်တော်မုဟမ္မဒ်ရဲ့ ခေတ်အခါကလဲ မွတ်စလင်မ် အမျိုးသမီးပညာရှင်တွေ ရှိခဲ့ပါတယ်။ အချို့မှာ တမန်တော်ရဲ့ မိသားစုထဲကဖြစ်ပြီး အချို့မှာ အဆွေတော်များထဲမှ၊ သူတို့ရဲ့ သမီးများထဲမှ ဖြစ်ကြပါတယ်။ သူတို့အထဲမှ အထင်ရှားဆုံးကတော့ တမန်တော်မြတ်ရဲ့ ကြင်ယာတော် အာအေရှာဟ် သခင်မ ဖြစ်ပါတယ်။ အစ္စလာမ်ရဲ့ ဥပဒေ လေးပုံတစ်ပုံခန့်ဟာ သူမထံမှ လက်ဆင့်ကမ်းခဲ့တာ ဖြစ်ပါတယ်။

အခြားသော အမျိုးသမီးပညာရှင်များထဲမှလည်း ထင်ရှားတဲ့ဥပဒေပညာရှင်များဖြစ်ပြီး ကျော်ကြားတဲ့ အမျိုးသားပညာရှင်များကပင် သူတို့ထံမှာ ပညာသင်ယူခဲ့ကြရပါတယ်။

## ကြင်ယာဖက်ရွေးချယ်ခွင့် တန်းတူရရှိခြင်း

အစ္စလာမ်က အမျိုးသမီးတွေကို ဂုဏ်ပေးတဲ့ အနေနဲ့ သူတို့ရဲ့ကြင်ယာဖက်ကို ကိုယ်တိုင်ရွေးချယ်ပိုင်ခွင့်နဲ့ လက်ထပ်ပြီးလည်း သူတို့ရဲ့မူလမိသားစုနာမည်ကို ဆက်လက်ထားရှိပိုင်ခွင့် ပေးထားပါတယ်။ အစ္စလာမ်မှာ မိဘတွေက သူတို့ရဲ့သမီးတွေကို အတင်းလက်ထပ်ခိုင်းကြတယ်လို့ အများစုက ထင်နေကြပါတယ်။ ဒါဟာ အချို့လူမျိုးစုတွေရဲ့ ထုံးတမ်းအစဉ်အလာတစ်ခုသာ ဖြစ်ပြီး အစ္စလာမ်သာသနာမှာ အခြေအမြစ်မရှိပါဘူး။ အမှန်တကယ်တော့ အတင်းလက်ထပ်စေခြင်းကို အစ္စလာမ်မှာ တားမြစ်ထားပါတယ်။

တမန်တော်မုဟမ္မဒ်ရဲ့ ခေတ်အခါက မိန်းကလေးတစ်ဦးဟာ တမန်တော်မြတ်ထံရောက်လာပြီး *“ကျွန်မရဲ့ အဖေဟာ ကျွန်မကို ကျွန်မရဲ့ တဝမ်းကွဲတော်သူနဲ့ အတင်းအကြပ်လပ်ထပ်စေပြီး သူ့ရဲ့ သိက္ခာမြင့်မားဖို့ လုပ်နေပါတယ်”* လို့ တိုင်ကြားခဲ့ပါတယ်။ တမန်တော်မြတ်ဟာ မိန်းကလေးရဲ့ ဖခင်ကို ဆင့်ခေါ်စေပြီး သူရောက်လာတဲ့အခါ **မိန်းကလေးကို ဆက်လက်ပြီး လက်ထပ်ထားတဲ့အတိုင်းနေမလား လက်ထပ်ခြင်းကို ဖျက်သိမ်းမလား ရွေးချယ်ခိုင်းဖို့ ပြောပါတယ်။** ထိုအခါ မိန်ကလေးက *“အို အလ္လာဟ့်တမန်တော်၊ ကျွန်မကတော့ ကျွန်မအဖေ လုပ်ခဲ့တာကို လက်ခံလိုက်ပါပြီ။ ကျွန်မက အခြားသော မိန်းကလေးတွေ (အတင်းအကြပ် လက်ထပ်စေလို့မရအောင်) ပြောပြတာဖြစ်ပါတယ်”* လို့ ဖြေခဲ့ပါတယ်။

## ညီမျှသည့်တိုင် ကွဲပြားပါသေးတယ်

ယေဘုယျအားဖြင့် အမျိုးသားနဲ့ အမျိုးသမီးတို့မှာ တူညီတဲ့ အခွင့်အရေးတွေ ရှိပါတယ်။ သို့တိုင်အောင် သူတို့ကို ပေးအပ်ထားတဲ့ သီးသန့် အခွင့်အရေးနဲ့ တာဝန်ဝတ္တရားတွေက တထပ်တည်း မတူညီပါဘူး။ အမျိုးသားနဲ့ အမျိုးသမီးမှာ လိုက်ဖက်တဲ့ အခွင့်အရေးနဲ့ တာဝန်ဝတ္တရားတွေရှိနေပါတယ်။

ခန္ဓာဗေဒအရ ခန္ဓာကိုယ်အတွင်းပိုင်းနဲ့ အပြင်ပိုင်းကွဲပြားခြားနားမှုများအပြင် သိပ္ပံပညာရှင်တွေက ဘာသာစကား၊ အချက်အလက်များနဲ့ စိတ်ခံစားမှုတွေကို တုံ့ပြန်တဲ့နေရာမှာ အမျိုးသားနဲ့ အမျိုးသမီးတို့ရဲ့ ဦးနှောက်က တုံ့ပြန်ပုံ မတူညီခြင်း စသကဲ့သို့သော သိမ်မွေ့နက်နဲတဲ့ ကွဲပြားခြားနားချက်များစွာရှိနေတာကို သိရှိကြပါတယ်။

ဟာဗာ့ဒ်တက္ကသိုလ်မှ လူမှုဆက်ဆံရေး ဇီဝဗေဒပညာရှင် အက်ဒ်ဝက်ဒ် အိုဝီလ်ဆန်က အမျိုးသမီးတွေဟာ နှုတ်ပြောစွမ်းရည်၊ မျှဝေခံစားနိုင်ခြင်းနှင့် လူမှုဆက်ဆံရေးနယ်ပယ်တွေမှာ ပိုမိုကောင်းမွန်တတ်ပြီး အမျိုးသားတွေကတော့ လွတ်လပ်ခြင်း၊ လွှမ်းမိုးနိုင်ခြင်း၊ အကွာအဝေးနဲ့ သင်္ချာစွမ်းရည်တွေမှာ ပိုပြီး ထူးချွန်တတ်တယ် လို့ ဆိုပါတယ်။

အမျိုးသား အမျိုးသမီး နှစ်မျိုးလုံးကို အတူတူထားပြီး သူတို့ရဲ့ ကွဲပြားမှုတွေကို လျစ်လျူရှုတာဟာ မိုက်မဲရာကျပါတယ်။ အမျိုးသမီးနဲ့ အမျိုးသားတို့မှာ လိုက်ဖက်ညီတဲ့ တစ်ဦးနှင့်တစ်ဦးဖြည့်ဘက်ဖစ်တဲ့ သူတို့ရဲ့ သဘာဝနဲ့ ကိုက်ညီတဲ့ တာဝန်ဝတ္တရားတွေအသီးသီးရှိတယ်လို့ အစ္စလာမ်က သင်ပြထားပါတယ်။ ဖန်ဆင်းရှင်က ဤသို့မိန့်တော်မူထားပါတယ်။

## မိသားစု စံနှုန်း

ဖန်ဆင်းရှင်ဟာ ယောကျ်ားနဲ့ မိန်းမကို ထူးခြားတဲ့ အခန်းကဏ္ဍတွေ၊ စွမ်းရည်တွေ၊ တာဝန်ဝတ္တရားတွေနဲ့ မတူကွဲပြားစွာ ဖန်ဆင်းထားတော်မူပါတယ်။ အဲ့ဒီကွဲပြားမှုတွေကို မြင့်မြတ်မှု၊ နိမ့်ကျမှုအဖြစ် မမြင်ဘဲ အထူးဖန်ဆင်းထားခြင်း ဖြစ်တယ်လို့ အစ္စလာမ်က မြင်ပါတယ်။ အစ္စလာမ်မှာ မိသားစုက အဓိက အရေးအကြီးဆုံး ဖြစ်ပါတယ်။ အမျိုးသားဟာ မိသားစု စားဝတ်နေရေးအတွက် တာဝန်ရှိပြီး အမျိုးသမီးဟာ ကျန်မာရေး၊ ပညာရေး၊ စိတ်ခံစားမှုတို့ကောင်းမွန်ဖို့အတွက် တာဝန်ယူရပါတယ်။ ဒီအချက်ဟာ ပြိုင်ဆိုင်မှုထက် ပူးပေါင်း ဆောက်ရွက်ကြဖို့ အားပေးပါတယ်။ မိမိတို့ရဲ့ နှစ်ဦးနှစ်ဖက် တာဝန်များကို ကျေပွန်ခြင်းဖြင့် ခိုင်မြဲတဲ့မိသားစုများကို တည်ဆောက်နိုင်မှာဖြစ်ပြီး ထိုမှတစ်ဆင့် ခိုင်မြဲတဲ့ အသိုင်းအဝိုင်းများကို ဖွဲ့စည်းနိုင်မှာ ဖြစ်ပါတယ်။

ဒ့ါအပြင်၊ စိတ်ခံစားမှုအရ အမျိုးသမီးတွေရော အမျိုးသားတွေရော တစ်ယောက်မရှိဘဲ တစ်ယောက် မပျော်ရွှင်နိုင်ပါဘူး။ ဒါကို အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းမြတ်မှာ ဤသို့ လှပစွာ ဖော်ပြတော်မူထားပါတယ်။

*“ဇနီးမိန်းမတို့သည် အသင်တို့အတွက် အဝတ်အစားကဲ့သို့ဖြစ်ပြီး အသင်တို့သည်လည်း သူတို့အတွက် အဝတ်အစားကဲ့သို့ ဖြစ်သည်။”*
*(ကုရ်အာန် ၂:၁၈၇)*

အဝတ်အစားဟာ လူသားကို သက်တောင့်သက်သာရှိမှု၊ နွေးထွေးမှုနဲ့ လုံခြုံမှု ပေးသလို ကြည့်ကောင်းအောင်လည်း ကူညီပေးပါတယ်။ အစ္စလာမ်မှာ ခင်ပွန်းနဲ့ ဇနီး ဆက်နွယ်မှုကို ထိုအတိုင်း ဖော်ညွှန်းထားပါတယ်။